**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**

**အမျိုးသားညီညွတ်ရေးအစိုးရ**

**တရားရေးဝန်ကြီးဌာန**

---

**ကြေညာချက်အမှတ် ၅/၂၀၂၁**

**၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ၊ ၇ ရက်နေ့**

# အကြမ်းဖက် စစ်ကောင်စီအလိုကျ တရားစစ်ဆေးစီရင်နေခြင်းသည် ပြစ်မှုကျူးလွန်နေခြင်းဖြစ်ကြောင်း ထုတ်ပြန်ကြေညာချက်

အကြမ်းဖက် စစ်ကောင်စီသည် မည်သည့် တရားဥပဒေနှင့်မျှ ကိုက်ညီမှုမရှိဘဲ နိုင်ငံတော် အာဏာကို အတင်းလုယူသိမ်းပိုက်ထားသည်သာမက ၊ နိုင်ငံသားအားလုံး၏ လွတ်လပ်ခွင့် နှင့် ဥပဒေရေးရာ အခွင့်အရေးများကိုပါ ပြောင်ပြောင်တင်းတင်း ချိုးဖောက်ကျူးလွန်နေသည့် အကြမ်းဖက်အဖွဲ့အစည်း တစ်ခုသာလျှင်ဖြစ်ကြောင်း ထင်ရှားပြီးဖြစ်သည်။

နိုင်ငံသားတို့၏ နိုင်ငံရေး ၊ လူမှုရေး ၊ စီးပွားရေးနှင့် ပုဂ္ဂလိက လွတ်လပ်ခွင့်များကို လုံးဝဖျက်ကွယ်ပြသည်သာမက ရည်ရွယ်ချက်ရှိရှိဖြင့် ဆိုးယုတ်ရိုင်းပြစွာ ထင်တိုင်းကျဲ ဖမ်းစီးနှိပ်စက် အရေးယူအပြစ်ပေးနေခြင်းမှာ လုံးဝခွင့်လွှတ်နိုင်စရာမရှိသည့် ပြစ်မှုကြီးများကို ကျူးလွန်နေခြင်းပင် ဖြစ်သည်။ ဖြောင့်မတ်မှန်ကန်သည့် တရားစီရင်ရေး လမ်းကြောင်းကို သွေဖည်၍ အကြမ်းဖက် စစ်အုပ်စု၏ အလိုကျ လိုက်ပါလုပ်ကိုင်ဆောင်ရွက်ပေးနေကြသည့် တရားရုံး တရားသူကြီးများ နှင့် ဥပဒေ ဝန်ထမ်းများသည် ပြစ်မှုကျူးလွန်နေသူများကို အားပေးကူညီနေသူများ သာလျှင် ဖြစ်ပြီး၊ ပြစ်မှုမကင်းသောစိတ် (mens rea) ဖြင့် တရားစီရင်ရေး ယန္တရားကို ဆောင်ရွက်နေကြသည့် ပြစ်မှုကျူးလွန်နေကြသူများ (actus reus) ပင်ဖြစ်သည်။

ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ အကြမ်းဖက်ဖမ်းဆီးခြင်း၊ ရိုက်နှက်စစ်ဆေးခြင်း၊ လူမဆန်စွာ နှိပ်စက်ညှင်းပန်း၍ ဝန်ခံခိုင်းခြင်း၊ မမှန်သက်သေအဖြစ် ဖန်တီးပြီး တရားရုံးများတွင် ထွက်ဆိုစေခြင်း စသည့် နှိပ်စက်နည်းမျိုးစုံကို အသုံးပြု၍ တရားစွဲဆို တင်ပို့ခြင်းသည် လည်းကောင်း၊ တရားရုံးများတွင် အမှုရင်ဆိုင်နေကြရသူများအား ရုပ်ပိုင်း နှင့် စိတ်ပိုင်းဆိုင်ရာဒုက္ခများ ကျရောက်စေရန် စီမံဆောင်ရွက်ခြင်း သည်လည်းကောင်း၊ အကြမ်းဖက်စစ်ကောင်စီ အလိုကျ အမှုများကို စစ်ဆေး စီရင်နေခြင်းသည် အုပ်စုဖွဲ့၍ ရာဇဝတ်မှုများကို ကျူးလွန်နေကြသော ရာဇဝတ်ဂိုဏ်းသားများသာ ဖြစ်ပေသည်။

ထို့ကြောင့် အကြမ်းဖက်စစ်ကောင်စီ၏ တရားမဲ့၊ ဥပဒေမဲ့ ခိုင်းစေမှုများကို တနည်းတဖုံဖြင့် လိုက်ပါလုပ်ကိုင် ဆောင်ရွက်ပေးနေကြသော တရားရေးဝန်ထမ်းများ၊ ဥပဒေဝန်ထမ်းများနှင့် တရားရုံးများသည် ရာဇဝတ်မှုများကို ဂိုဏ်းဖွဲ့ကျူးလွန်နေကြသည့် သူများဖြစ်သည့်အတွက် ၎င်းတို့၏ ဆောင်ရွက်ချက်များကို ချက်ချင်းရပ်ဆိုင်းရန် နှင့် ဆက်လက်ဆောင်ရွက်နေမည် ဆိုပါက ပြည်သူလူထု၏ ဒဏ်ခတ်အပြစ်ဒဏ်ပေးမှုကို မလွဲမသွေ ခံကြရမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

တရားရေးဝန်ကြီး

အမျိုးသား ညီညွတ်ရေး အစိုးရ